Message Twelve

## သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ အသက်၏လမ်းကို ယူဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ရှသ၊၁း၁၆-၁၇၊ ၂၀-၂၁။ ၂း၁၀-၁၆။ ၃း၁၊ ၇-၁၃။ ၄း၉-၁၅။ မ၊၇း၁၃-၁၄

**I. စာစောင်သုံးစောင်ဖြစ်သည့် ယောရှု၊ တရားသူကြီးများနှင့် ရှုသစာစောင်တို့က ဘုရားသခင့်လုပ်ရှားမှု၏ သွင်ပြင်နှစ်ခုကို ရှင်းလင်းသော ရုပ်ပုံကားချပ်ဖြင့် တင်ဆက်ထားသည်။ ၎င်းတို့မှာ ကိုယ်တော်၏ စီမံကိန်းဆိုင်ရာ ဝိညာဉ်တော်၊ တန်ခိုး၏ဝိညာဉ်တော်၌ ကိုယ်တော်၏လှုပ်ရှားမှုနှင့် ကိုယ်တော်၏ အနှစ်သာရဆိုင်ရာ ဝိညာဉ်တော်၊ အသက်၏ ဝိညာဉ်တော်၌ ကိုယ်တော်၏ လှုပ်ရှားမှုတို့ဖြစ်သည် - သူကြီး၊၁၃း၂၅။ ၁၄း၆။ ယော၊၂၀း၂၂။ တ၊၁း၈။ ရော၊၈း၂။**

A. ယောရှု၊ ကာလက်နှင့် တရားသူကြီးများအားလုံးနှင့်အတူ ဘုရားသခင်၏ တန်ခိုးတော်၌ လှုပ်ရှားမှုကို မြင်ရပြီး၊ ယင်းကို ရှံဆုန်၌ အသက်၏ဝိညာဉ်တော်ဖြင့် မဟုတ်ဘဲ၊ တန်ခိုး၏ဝိညာဉ်တော်ဖြင့် လှုပ်ရှားလုပ်ဆောင်ခြင်းဖြင့် သရုပ်ဖော်ပြသထားသည် - သူကြီး၊၁၄း၆။

B. ဆန့်ကျင်ဘက်အနေဖြင့် ရှုသစာစောင်သည် အသက်၏စာစောင်ဖြစ်သည်။ ဤစာစောင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို မည်သည့်တန်ခိုးအကြောင်းကိုမျှ ပြောရန်မဟုတ်ဘဲ၊ နောမိ၊ ရှုသနှင့် ဗောဇတို့ကို ဥပမာများအဖြစ် အသုံးပြု၍ အသက်၏ အရာများကို အဆုံးစွန်အထိ ဖွင့်ပြရန်ဖြစ်သည် - ၁း၁၆-၁၇၊ ၂၀-၂၁။ ၂း၁၀-၁၆။ ၃း၁၊ ၇-၁၃။ ၄း၉-၁၅။

C. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် တန်ခိုးကြီးမားရန်နှင့် ကြီးစွာသောအလုပ်ကို လုပ်ရန် တရားသူကြီးများ၏ လမ်းကို မယူဆောင်သင့်ပေ။ အသက်၏လမ်းအစား တန်ခိုး၏လမ်းကို ယူဆောင်မည်ဆိုလျှင် ကျွန်ုပ်တို့ ပြီးမြောက်စေသည့်အရာမှန်သမျှသည် အချည်းနှီးသက်သက် ဖြစ်လိမ့်မည်ဖြစ်သည်။

D. ကျွန်ုပ်တို့မြင်ရန် အရေးကြီးသည့်အရာမှာ အသက်သာလျှင် ခရစ်တော်ကို မွေးထုတ်ပေးနိုင်ခြင်းဖြစ်သည် - လု၊၁း၃၅။

1. အသက်သာလျှင် ဘုရားသခင်ကို လူသားဇာတိအထဲသို့ ခေါ်ဆောင်လာကာ၊ ခရစ်တော်ကို ထုတ်လုပ်ခြင်း၊ ခရစ်တော်ကို အမွေဆောင်ခြင်း၊ လူသားမျိုးနွယ်တစ်ခုလုံးကို ခရစ်တော်ဖြင့် မစထောက်ပံ့ခြင်း ပြုနိုင်သည် - မ၊၁း၁၈၊ ၂၀-၂၁။
2. ဤအရာသည် အသက်၏ပုဂ္ဂိုလ်များ၊ အသက်၏လမ်းကို ယူဆောင်ကြသူများဖြစ်သည့် ရှုသနှင့် ဗောဇအားဖြင့် ပြီးမြောက်ပြည့်စုံစေခြင်း ဖြစ်သည်။

**II. ဘုရားသခင့် အသက်၏ ဘုရားဆိုင်ရာနှင့် ထာဝရဖြစ်သော သဘောသဘာဝအရ ဘုရားသခင်၏အသက်သည် တုနှိုင်းရာမဲ့သော အသက်ဖြစ်သည်။ ဘုရားသခင်၏အသက်ကိုသာ အသက်အဖြစ် ရေတွက်နိုင်သည် - ယော၊၁း၄။ ၁၀း၁၀ခ။ ၁၁း၂၅။ ၁၄း၆။**

A. အသက်သည် နက်နဲခြင်းဖြစ်သည်၊ အကြောင်းမှာ အသက်သည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သောကြောင့်ဖြစ်သည် - ၁း၁၊ ၁၄။ ၅း၂၆။ ဧ၊၄း၁၈။

1. ဘုရားဆိုင်ရာအသက်ကို ဘုရားသခင်၏ ပထမဆုံးသော၊ အခြေခံဖြစ်သော ဂုဏ်အင်လက္ခဏာအဖြစ် မှတ်ယူနိုင်ပါသည် - အဃ်၊၁၈။ ယော၊၅း၂၆။ ၁ယော၊၅း၁၁-၁၂။ ရော၊၈း၂။
2. အသက်သည် ဘုရားသခင်၏ ပါဝင်သောအရာနှင့် ဘုရားသခင်၏ စီးထွက်ခြင်းဖြစ်သည်။ ဘုရားသခင်၏ ပါဝင်သောအရာသည် ဘုရားသခင်၏ဖြစ်ခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ စီးထွက်လာခြင်းမှာ မိမိကိုယ်တော်တိုင်ကို အသက်အဖြစ် ကျွန်ုပ်တို့ထံ ထည့်သွင်းပေးခြင်းဖြစ်သည် - ဧ၊၄း၁၈။ ဗျာ၊၂၂း၁။
3. အသက်သည် ခရစ်တော်ဖြစ်သည်၊ အသက်သည် ကျွန်ုပ်တို့၌ အသက်ရှင်သော၊ ကျွန်ုပ်တို့မှ ရှင်ထွက်သော ခရစ်တော်ဖြစ်သည် - ယော၊၁၄း၆။ ကော၊၃း၄။ ဂလ၊၂း၂၀။ ဖိလိ၊၁း၂၁က။
4. အသက်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည် - ယော၊၁၄း၁၆-၁၇။ ၁ကော၊၁၅း၄၅ခ။ ရော၊၈း၂။ ၂ကော၊၃း၆။
5. အသက်သည် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးသော၊ ကျွန်ုပ်တို့၌ အသက်ရှင်သော အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားဖြစ်သည် - ယော၊၁း၁၄။ ၇း၃၇-၃၉။ ၂၀း၂၂။ ရော၊၈း၁၀၊ ၆၊ ၁၁။

B. လူကို ကိုယ်တော်၏ ပုံသဏ္ဌာန်တော်၌၊ ကိုယ်တော်နှင့်တစ်ညီတည်း ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူသည် ကိုယ်တော်ကို အသက်အဖြစ် ရရှိရန်နှင့် ထိုသို့ဖြင့် လူသည် အသက်၏လူ၊ ဘုရား-လူဖြစ်လာကာ၊ ကိုယ်တော်၏ ဂုဏ်အင်လက္ခဏာများ၌ ဘုရားသခင်ကို ထင်ရှားစေရန် ဖြစ်သည် - က၊၁း၂၆။ ၂း၉။

## III. ကျွန်ုပ်တို့သည် ကောင်းမကောင်း သိကျွမ်းရာအပင်၏ ပုံဆောင်ချက်ကို သိရန်နှင့် ဤအပင်မှ အသက်ပင်သို့ အကြွင်းမဲ့လှည့်ပြန်လာရန် လိုအပ်သည် - အငယ်၊၉၊ ၁၆-၁၇။

A. အသက်ပင်သည် ခရစ်တော်၌ရှိသော သုံးပါးတစ်ပါးဘုရားကို ရည်ညွှန်းကာ၊ ကိုယ်တော်ကိုယ်တိုင်ကို ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ အစားအစာ၏ပုံစံ၌ အသက်အဖြစ် ဝေငှဖြန့်ဖြူးရန်ဖြစ်သည် - အငယ်၊၉။

B. ဓမ္မသစ်ကျမ်းက ခရစ်တော်သည် အသက်ပင်၏ သရုပ်ဖော်ပြချက် ပြီးမြောက်ပြည့်စုံခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည် - ယော၊၁း၁၊ ၄၊ ၁၄။ ၁၁း၂၅။ ၁၄း၆။ ၁၅း၁၊ ၅။

1. ခရစ်တော်အကြောင်းကို ပြောရာတွင် ယောဟန် ၁း၄ ၌ "ကိုယ်တော်၌ အသက်ရှိ၏"ဟု ပြောထားသည်။ ဤအရာက အသက်ပင်အားဖြင့် ပုံဆောင်ထားသည့် အသက်ကို ရည်ညွှန်းသည်။
2. ကမ္ဘာဦး ၂ တွင် ပုံဖော်ပြသထားသည့် အသက်သည် ခရစ်တော်၌ လူ့ဇာတိခံသည့် အသက်ဖြစ်သည် - ၁ယော၊၅း၁၁-၁၂။ ယော၊၁း၁၊ ၄၊ ၁၄။
3. ယောဟန် ၁း၄ နှင့် ၁၅း၅ တို့ကို အတူတကွ ထားရှိမည်ဆိုလျှင် အသက်လည်းဖြစ်သော၊ စပျစ်နွယ်ပင်လည်းဖြစ်သော ကိုယ်တော်တိုင်ဖြစ်သည့် ခရစ်တော်သည် အသက်ပင်ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်လာမည်ဖြစ်သည်။

C. ကောင်းမကောင်း သိကျွမ်းရာ အပင်သည် လူအဖို့ သေခြင်း၏ အရင်းအမြစ်ဖြစ်သော စာတန်ကို ရည်ညွှန်းသည် - ဟေဗြဲ၊ ၂း၁၄။

1. ကောင်းမကောင်း သိကျွမ်းရာအပင်သည် ဘုရားသခင်ထံမှ ကင်းကွာသည့်အရာအားလုံးကိုလည်း ရည်ညွှန်းသည်။
2. ဘုရားသခင်ကိုယ်တော်တိုင် မဟုတ်သော အရာမှန်သမျှ၊ ကောင်းသောအရာများနှင့် ကျမ်းစာဆိုင်ရာ၊ ဘာသာရေးဆိုင်ရာအရာများအပါအဝင် လိမ္မာပါးနပ်သောသူ စာတန်က မတရားအသုံးပြုကာ၊ အသင်းတော်သို့ သေခြင်းကို ယူဆောင်လာစေနိုင်သည် - မ၊၁၆း၁၈။ သု၊၁၆း၂၅။ ၁၈း၂၁။

D. ယောဟန် ၄၊ ၈၊ ၉ နှင့် ၁၁ တို့တွင် အသက်၏အလေ့အလာသည် ကောင်းမကောင်းနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း သရုပ်ဖော်ပြသည့် အကြောင်းအရာလေးခုကို ပြသထားသည်။

1. ကျွန်ုပ်တို့သည် ကောင်းခြင်း မကောင်းခြင်းကို ဂရုမစိုက်သင့်ဘဲ၊ အသက်ကိုသာ ဂရုစိုက်သင့်ပါသည် - ၄း၁၀-၁၄၊ ၂၀-၂၁၊ ၂၃-၂၄။ ၈း၃-၉။ ၉း၁-၃။ ၁၁း၂၀-၂၇။
2. အကြောင်းကိစ္စတစ်ခုကို ပိုင်းခြားသိမြင်ရန် အကောင်းဆုံးသော နည်းလမ်းမှာ အသက် သို့မဟုတ် သေခြင်းအရ ဖြစ်ပြီး၊ အမှန်နှင့်အမှား၊ ကောင်းခြင်းနှင့် မကောင်းခြင်းအတိုင်း မဟုတ်ပါ - ရော၊၈း၆။ ၂ကော၊၁၁း၃။

## IV. ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်သည် - ကော၊၃း၄။

A. ဘုရားသခင်၏အသက်သည် ခရစ်တော်၏အသက်ဖြစ်ပြီး၊ ခရစ်တော်၏အသက်သည် ကျွန်ုပ်တို့၏အသက်ဖြစ်လာခဲ့သည် - အငယ်၊၄။ ယော၊၅း၂၆။

1. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်လာခြင်း ဟူသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့ထံ အဆုံးစွန်အထိ အတွင်းကျကျဖြစ်ကြောင်း ဆိုလိုသည် - ၁း၄။ ၁၄း၆က။ ၁၀း၁၀ခ။ ၁ကော၊၁၅း၄၅ခ။ ရော၊၈း၁၀၊ ၆၊ ၁၁။
2. ပုဂ္ဂိုလ်တစ်ဦးထံမှ ထိုပုဂ္ဂိုလ်၏ အသက်ကို သီးခြားခွဲထား၍ မရပါ၊ အကြောင်းမှာ ထိုပုဂ္ဂိုလ်၏ အသက်သည် ထိုပုဂ္ဂိုလ်ကိုယ်တိုင်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ခြင်း ဟူသည်မှာ ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်လာကြောင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အသက်တစ်ခု၊ အသက်ရှင်ခြင်းတစ်ခုတည်းရှိကြောင်း ဆိုလိုသည် - ယော၊၁၄း၆က။ ဖိလိ၊၁း၂၁က။

B. ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်ကြောင်း သမ္မာတရားမှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏အသက် အဖြစ် ယူဆောင်ကာ၊ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ကိုယ်တော်ကို အသက်ရှင်ရမည်ဖြစ်ကြောင်း ခိုင်မာသည့် ညွှန်ပြချက်ဖြစ်သည် - ကော၊၃း၄။ ယော၊၆း၅၇။

1. ခရစ်တော်သည် လက်တွေ့ကျကျနှင့် အတွေ့အကြုံဆိုင်ရာနည်းလမ်း၌ ကျွန်ုပ်တို့၏အသက်ဖြစ်ရမည်ဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ကိုယ်တော်၏အသက်၌ ကယ်တင်ခံရရန် လိုအပ်သည် - ကော၊၃း၄။ ၁ကော၊၁၅း၄၅ခ။ ရော၊၅း၁၀။
2. လူသစ်သည် ကျွန်ုပ်တို့က ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် ယူဆောင်ခြင်းနှင့် ကိုယ်တော်ကို အသက်ရှင်ခြင်း၏ အလိုအလျောက်ဖြစ်လာသော ရလဒ်ဖြစ်သည် - ကော၊၃း၃-၄၊ ၁၀-၁၁။

## V. ဘုရားသခင့်ရှေ့တော်၌ ကျွန်ုပ်တို့၏ အသက်တာနှင့် အလုပ်တွင် ဖြစ်နိုင်ချေ နည်းလမ်းနှစ်ခု ရှိသည် - ယင်းတို့မှာ အသက်သို့ဦးဆောင်ပေးသော နည်းလမ်းနှင့် ပျက်စီးခြင်းသို့ဦးဆောင်ပေးသော နည်းလမ်းတို့ဖြစ်သည် - မ၊၇း၁၃-၁၄။

A. အသက်သို့ ဦးဆောင်သော နည်းလမ်းကို ယူဆောင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျဉ်းသောတံခါးမှတစ်ဆင့် ဝင်ရာက်ကာ၊ ထိုနောက် တင်းကျပ်သောလမ်း၌ လျှောက်လှမ်းရန် လိုအပ်သည် - အငယ်၊၁၃-၁၄။

1. ကျဉ်းသောတံခါးသည် အပြင်ပိုင်းအပြုအမူကိုသာမက အတွင်းပိုင်း စေ့ဆော်မှုကိုလည်း ဆက်ဆံဖြေရှင်းပေးသည်။
2. လူဟောင်း၊ အတ္တ၊ အသွေးအသား၊ လူသားခံယူချက်နှင့် လောကနှင့် ၎င်း၏ဘုန်းအသရေအားလုံးတို့မှာ ဖယ်ထုတ်ခံရသည်။ ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီမှုရှိသည့်အရာသာလျှင် ဝင်ရောက်နိုင်သည် - အငယ်၊၂၁။ ၁၂း၅၀။
3. ရှေ့ဦးစွာ ကျွန်ုပ်တို့သည် ကျဉ်းသောတံခါးမှတစ်ဆင့် ဝင်ရောက်ရန်နှင့် ထိုနောက် တင်းကျပ်သောလမ်း၊ တစ်သက်တာလုံးဖြစ်သော၊ အသက်သို့ ဦးဆောင်သော လမ်း၌ လျှောက်လှမ်းရန် လိုအပ်သည် - ၇း၁၄။
4. မဿဲ ၇း၁၄ ရှိ *အသက်* ဟူသော စကားလုံးမှာ နိုင်ငံတော်၏ အစဉ်အမြဲ ကောင်းချီးခံရသော အခြေအနေ၊ ဘုရားသခင်၏ထာဝရအသက်ဖြင့် ပြည့်နေသည့် အခြေအနေကို ရည်ညွှန်းသည်။ ဤအသက်သည် ယနေ့ နိုင်ငံတော်၏ စစ်မှန်ခြင်း၌လည်းကောင်း၊ လာမည့်ခေတ်၌ နိုင်ငံတော် ထင်ရှားခြင်း၌လည်းကောင်း ရှိလိမ့်မည်ဖြစ်သည် - ၁၉း၂၉။ လု၊၁၈း၃၀။

B. ကျယ်ဝန်းသောလမ်းသည် လောကဆိုင်ရာ စနစ်များအတိုင်းဖြစ်ကာ၊ ဇာတိဆိုင်ရာ ကြိုက်နှစ်သက်မှုများကို ကျေနပ်စေပြီး၊ လူအုပ်ကြီးကို ရရန်၊ လူ၏သက်မွေးမှုအလုပ်ကို ထိန်းသိမ်းရန်၊ လူ၏ လုပ်ငန်း ကြီးပွားအောင်မြင်ရန် ဖြစ်စေသည်။ ကျယ်ဝန်းသောလမ်းက ဦးဆောင်ပေးသည့် ပျက်စီးခြင်းမှာ လူပုဂ္ဂိုလ်၏ ပျက်စီးခြင်းမဟုတ်ဘဲ၊ လူပုဂ္ဂိုလ်၏ လုပ်ဆောင်ချက်များနှင့် အလုပ်များ၏ ပျက်စီးခြင်းကို ရည်ညွှန်းခြင်းဖြစ်သည် - ၁ကော၊၃း၁၅။ မ၊၁၃း၃၁-၃၃။ ဗျာ၊၂း၁၃၊ ၂၀။ ၁၇း၄-၅။

C. သခင်ဘုရား၏ပြန်လည်ရယူခြင်းလမ်းသည် အသက်၏လမ်းဖြစ်ကာ၊ လာမည့်ခေတ်တွင် ကောင်းကင်များ၏ နိုင်ငံတော် ထင်ရှားပေါ်ထွန်းခြင်းတွင် အသက်၌ ရှင်သန်သောဆုလာဘ်သို့ ဦးဆောင်ပေးသည် - ဆာ၊၁၆း၁၁။ ယေ၊၂၁း၈။ မ၊၁၉း၂၉။ လု၊၁၈း၃၀။ ၁ကော၊၃း၁၃-၁၅။ ၁၅း၅၈။

## VI. ကျွန်ုပ်တို့သည် အသက်၏အာရုံခံစားမှု - ကျွန်ုပ်တို့အတွင်းမှ ဘုရားဆိုင်ရာအသက်၏ ခံစားချက်၊ အသိစိတ် - အားဖြင့် အသက်ရှင်ရန် လိုအပ်သည် - ရော၊၈း၆။ ဧ၊၄း၁၈-၁၉။

A. အသက်၏အာရုံခံစားမှု အရင်းအမြစ်မှာ ဘုရားဆိုင်ရာအသက်၊ အသက်၏တရား၊ သန့်ရှင်းသောဝိညာဉ်တော်၊ ကျွန်ုပ်တို့၌ တည်နေသော ခရစ်တော်၊ ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်နေသော ဘုရားသခင် ဖြစ်သည် - ရော၊၈း၂၊ ၁၀-၁၁။ ဖိ၊၂း၁၃။

B. ဘုရားဆိုင်ရာအသက်သည် အမြင့်ဆုံးသောအသက်ဖြစ်ကာ၊ အကြွယ်ဝဆုံး၊ အသန်စွမ်းဆုံး၊ စူးရှထက်မြက်မှုအရှိဆုံး ခံစားမှုရှိသော အသက်ဖြစ်သည်။ ဤခံစားမှုသည် အသက်၏အာရုံခံစားမှုဖြစ်သည် - ဧ၊၄း၁၈။
အသက်၏အာရုံခံစားမှုသည် ကျွန်ုပ်တို့ကို လမ်းပြပေးသည်၊ ကျွန်ုပ်တို့ကို အုပ်စိုးပေးသည်၊ ကျွန်ုပ်တို့ကို ထိန်းချုပ်ပေးသည်၊ ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်၊ ကျွန်ုပ်တို့ ဘုရားဆိုင်ရာအသက်၌ အသက်ရှင်ခြင်း သို့မဟုတ် ဇာတိအသက်၌

အသက်ရှင်ခြင်း ရှိမရှိကိုလည်းကောင်း၊ ကျွန်ုပ်တို့ အသွေးအသားၵ္ဍ သို့မဟုတ် ဝိညာဉ်၌ အသက်ရှင်ခြင်း ရှိမရှိကိုလည်း ကောင်း သိရှိစေသည် - ရော၊၈း၆။

**VII. ကျွန်ုပ်တို့သည် အသင်းတော်အပေါ် သေခြင်း၏ တိုက်ခိုက်မှုကို အောင်မြင်ရန်နှင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် လိုအပ်သည် - မ၊၁၆း၁၈။ ယော၊၁၁း၂၅။ ဧ၊၁း၂၂-၂၃။ ၄း၁၆။**

A. ကျွန်ုပ်တို့၏ ဝိညာဉ်ရှိ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်အားဖြင့် ကျွန်ုပ်တို့သည် အသင်းတော်အပေါ် သေခြင်း၏တိုက်ခိုက်မှုကို အောင်မြင်နိုင်မည်ဖြစ်သည် - မ၊၁၆း၁၈။ တ၊၂း၂၄။ ၂တိ၊၁း၁၀။

1. ဒေင်ဥယျာဉ်မှစ၍ ဘုရားသခင်နှင့် စာတန်အကြား ယှဉ်ပြိုင်ငြင်းခုံမှုသည် သေခြင်းနှင့် အသက်၏ ရလဒ်၌ ဖြစ်ခဲ့သည် - ရော၊၈း၆၊ ၁၀-၁၁။ ဟေဗြဲ၊၂း၁၅။

2. မဿဲ ၁၆း၁၈ တွင် မည်သည့်အရင်းအမြစ်မှ တိုက်ခိုက်ခြင်းသည် အသင်းတော်အပေါ် ရောက်လာမည့် အကြောင်း၊ ၎င်းမှာ "မရဏာနိုင်ငံ၏တံခါးများ" တစ်နည်းအားဖြင့် သေခြင်းမှ ဖြစ်ကြောင်း ပြသထားသည်။ စာတန်၏ အထူးဖြစ်သောအရာတစ်ခုမှာ အသင်းတော်အတွင်း၌ သေခြင်းကို ပျံ့နှံ့စေရန်ဖြစ်ပြီး၊ အသင်းတော်နှင့် စပ်လျဉ်း၍ သူ၏အကြီးမားဆုံး ကြောက်ရွံ့မှုမှာ သူမသည် သူ၏သေခြင်းတန်ခိုးကို ခုခံတွန်းလှန်နိုင်ခြင်း ဖြစ်သည် - ဗျာ၊၂း၈၊ ၁၀-၁၁။

B. ကျွန်ုပ်တို့သည် ဝိညာဉ်၌ လေ့ကျင့်ကာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်၌ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရမည်ဖြစ်သည် - ဧ၊၂း၆၊ ၂၁-၂၂။ ၄း၁၆။ ဗျာ၊၁း၁၈။ ၂း၈။ ဖိ၊၃း၁၀။

1. ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်၏ သဘောသဘာဝသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်ကာ၊ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်ဖြစ်သည် - ယော၊၁၁း၂၅။ တ၊၂း၂၄။ ဧ၊၁း၁၉-၂၃။ ၁ကော၊၁၅း၄၅ခ။

2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာအသက်ဖြင့် အသက်ရှင်သည့်အခါ ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်တာကို အသက်ရှင်ကြသည် - ဖိ၊၃း၁၀-၁၁။ ဧ၊၄း၁၅-၁၆။ ကော၊၂း၁၉။ ၃း၁၅။

**VIII. "ငါတို့သည် ညီအစ်ကိုချင်းတို့ကို ချစ်သောကြောင့်၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကိုယ်ကူးမြောက်သည်ကို ကိုယ်သိရကြ၏" - ၁ယော၊၃း၁၄က။**

A. သေခြင်းသည် ဘုရားသခင်၏ရန်သူ၊ စာတန် မာရ်နတ်၏အရာဖြစ်ပြီး၊ ၎င်းသည် သေခြင်းကို ယူဆောင်လာသည့် ကောင်းမကောင်း သိကျွမ်းရာအပင်အားဖြင့် ပုံဆောင်ထားသည် - က၊၂း၉၊ ၁၇။

B. အသက်သည် အသက်၏အရင်းအမြစ်ဖြစ်သော ဘုရားသခင်၏ အရာဖြစ်ပြီး၊ ၎င်းသည် အသက်၌ ရလဒ်ထွက်ပေါ်လာသည့် အသက်ပင်အားဖြင့် ပုံဆောင်ထားသည် - အငယ်၊၉၊ ၁၆-၁၇။

C. သေခြင်းနှင့် အသက်သည် စာတန်နှင့် ဘုရားသခင် ဟူသော အရင်းအမြစ်နှစ်ခုမှလာခြင်းမျှသာ မဟုတ်ပါ၊ ၎င်းတို့သည် အနှစ်သာရနှစ်ခု၊ ဒြပ်သဘာဝနှစ်ခု၊ အဝန်းအဝိုင်းနှစ်ခုလည်း ဖြစ်သည် - ယော၊၅း၂၄။

D. သေခြင်းမှ အသက်အထဲသို့ ကူးမြောက်ခြင်းမှာ သေခြင်း၏ အရင်းအမြစ်၊ အနှစ်သာရ၊ ဒြပ်သဘာဝ၊ အဝန်းအဝိုင်းထဲမှ အသက်၏ အရင်းအမြစ်၊ အနှစ်သာရ၊ ဒြပ်သဘာဝ၊ အဝန်းအဝိုင်းအထဲသို့ ကူးမြောက်ခြင်းဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့အသစ်တစ်ဖန် မွေးဖွားခံရသည့်အချိန်၌ ဖြစ်ပျက်ခဲ့သည် - ၁ယော၊၃း၁၄က။ ယော၊၃း၃၊ ၅၊ ၁၅။

E. ကျွန်ုပ်တို့သည် သေခြင်းမှ အသက်အထဲသို့ ကူးမြောက်ခဲ့ပြီဖြစ်ကြောင်း ကျွန်ုပ်တို့သိကြသည် - အတွင်းပိုင်း အသိစိတ် ရှိကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ညီအစ်ကိုများကို ချစ်သောကြောင့်ဖြစ်သည်။ ညီအစ်ကိုများထံသို့ ချစ်ခြင်း (ဘုရားသခင်၏ချစ်ခြင်း)သည် ဤအရာ၏ ခိုင်မာသော သက်သေဖြစ်သည် - ၁ယော၊၃း၁၄က။

1. သခင်ဘုရား၌ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အဖို့ သေခြင်းမှ အသက်အထဲသို့ ကူးပြောင်းရန် နည်းလမ်းဖြစ်သည်။ ညီအစ်ကိုများထံသို့ ချစ်ခြင်းမှာ ကျွန်ုပ်တို့သည် သေခြင်းမှ အသက်အထဲသို့ ကူးပြောင်းခဲ့ကြကြောင်း သက်သေဖြစ်သည် - ယော၊၅း၂၄။ ၁ယော၊၃း၁၄က။
2. ယုံကြည်ခြင်း ရှိခြင်းမှာ ထာဝရအသက်ကို လက်ခံရရှိခြင်းဖြစ်သည်။ ချစ်ခြင်းမှာ ထာဝရအသက်အားဖြင့် အသက်ရှင်ခြင်းနှင့် ၎င်းကို ထင်ရှားစေခြင်းဖြင့် အသက်ရှင်ခြင်းဖြစ်သည် - ယော၊၃း၁၅၊ ၃၆။ ၁ယော၊၃း၁၁၊ ၁၄-၁၈။ ၄း၇-၁၂၊ ၁၆၊ ၁၉-၂၁။

© 2021 Living Stream Ministry